# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 24 , 2025 | Volume 97 , Number 17


၂၄-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၄.၂၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၃.၀၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၇.၀၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၂၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၈.၇၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၆၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၆.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၅၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## အထည်ချုပ်မှ နှစ်စဉ် ဒေါ်လာ ၅ ဘီလီယံကျော် ဝင်ငွေရနိုင်သော်လည်း ကုန်ကြမ်းအတွက် ဒေါ်လာ ၄ ဘီလီယံခန့် ပြန်သုံးနေရ



ပြည်တွင်းအထည်ချုပ်လုပ်ငန်းကဏ္ဍကနေ နှစ်စဉ် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော် ရရှိနိုင်ပေမဲ့ ပြည်ပကနေ ကုန်ကြမ်းတင်သွင်းရခြင်းအတွက် ဒေါ်လာ ၄ ဘီလီယံခန့် ပြန်လည်သုံးစွဲနေရကြောင်း မြန်မာ-တရုတ် အထည်ချုပ်လုပ်ငန်းရှင်များအသင်း (CTGA) ကနေ သိရပါတယ်။

အထည်အပ်သူ Buyer တွေရဲ့ အပ်နှံမှုအပေါ် မူတည်ပြီး အထည်အလိပ်ကုန်ကြမ်း၊ ၎င်းနဲ့ဆက်စပ်တဲ့ အပ်၊ အပ်ချည်၊ ကြယ်သီး၊ ဇစ် စတာတွေကို တရုတ်နိုင်ငံကနေ အများစုတင်သွင်းနေရလို့ ဝင်ငွေအမြောက်အမြားဆုံးရှုံးနေရတာလို့ CTGA တာဝန်ရှိသူက ပြောပါတယ်။

"အချို့ Buyer က အထည်အလိပ်ပဲပေးတယ်။ ဆက်စပ်ပစ္စည်းတွေ မပါဘူး။ ဒါကို မြန်မာလုပ်ငန်းရှင်ဘက်က ပြန်လည်ဝယ်ယူ တင်သွင်းရပါတယ်"လို့ ဆိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့အထည်ချုပ်လုပ်ငန်းကိုပြည်ပကနေကုန်ကြမ်းသွင်းပြီး ပြည်တွင်းမှာ ပြန်လည်ချုပ်လုပ်တဲ့ CMP လက်ခစားစနစ်နဲ့ ဆောင်ရွက်နေတာပါ။

လက်ရှိမှာကိုယ်တိုင်ထုတ်လုပ်တင်ပို့တဲ့ အထည်ချုပ်စက်ရုံအရေအတွက်က ၅ ရာခိုင်နှုန်းခန့်ပဲ ရှိပြီး နိုင်ငံခြားငွေ သုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ကုန်ကြမ်းထုတ်လုပ်တဲ့စက်ရုံတွေ တိုးလာဖို့လိုအပ်တယ်လို့ သိရပါတယ်။

ဒါကြောင့် အထည်ချုပ်ကုန်ကြမ်းထုတ်လုပ်တဲ့ တရုတ်ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ပြီး လက်ခစား CMP စနစ်ကနေ ကိုယ်တိုင် ကုန်ကြမ်းထုတ်၊ ကုန်ချောပို့တဲ့ Free on Board (FOB) စနစ်ကို ကူးပြောင်းနိုင်မှ ပို့ကုန်ဝင်ငွေ ၅ ဆနီးပါး မြင့်တက်လာမယ်လို့

CTGA က သုံးသပ်ပါတယ်။

လက်ရှိမှာ MGMA အသင်းဝင် စက်ရုံပေါင်း ၅၂၃ ရုံရှိတဲ့အနက် ၆၀ ရာခိုင်နှုန်းက ဥရောပဈေးကွက်၊ ၂၀ ရာခိုင်နှုန်းက ဂျပန်ဈေးကွက်နဲ့ ကျန် ၂၀ ရာခိုင်နှုန်းက အခြားဈေးကွက်တွေကို တင်ပို့နေပါတယ်။

ချုပ်ပြီးအထည်တင်ပို့မှုကို လေ့လာကြည့်ရင် ၂၀၂၂ ခုနှစ်မှာ အများဆုံးတင်ပို့နိုင်ခဲ့ပေမဲ့ ၂၀၂၃ ခုနှစ်မှာ ၁၄ ရာခိုင်နှုန်းနဲ့ ၂၀၂၄ ခုနှစ်မှာ ၁၁ ရာခိုင်နှုန်း တင်ပို့နိုင်စွမ်း လျော့ကျခဲ့ပါတယ်။

ဒါကြောင့် ၂၀၂၄ ခုနှစ်အတွင်း မြန်မာ့အထည်ချုပ်ကဏ္ဍမှ ပို့ကုန်ဝင်ငွေ ဒေါ်လာ ၄ ဒသမ၄၆ ဘီလီယံရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ဒေါ်လာ ၇၅၀ သန်းခန့် ဝင်ငွေရရှိမှု လျော့သွားတာကို မှတ်တမ်းတွေအရ သိရပါတယ်။

လာမဲ့ ဆယ်စုနှစ်အတွင်း မြန်မာ့အထည်ချုပ်လုပ်ငန်းဟာ လုပ်သားအင်အား ၁ ဒသမ၂ သန်းကနေ ၁ ဒသမ၆ သန်းအထိ ခန့်ထားနိုင်ပြီး အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်တဲ့ လုပ်ငန်းအဖြစ် ကြီးထွားလာမယ်လို့ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း (MGMA) က လျာထားပါတယ်။

၂၀၂၅ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့် တန်ကြေးရှိတဲ့ လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နေကြောင်း MGMA ရဲ့ ၁၀ နှစ်တာ မဟာဗျူဟာအစီအစဉ် (၂၀၂၅-၂၀၃၄) မှာ ဖော်ပြထားချက်အရ သိရပါတယ်။

**Source : BETV Business**

## မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်နိုင်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး



မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်နိုင်ရေး ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၂၃ရက်နေ့တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဘာသာရပ်တာဝန်ခံ ညွှန်ကြားရေးမှူး၊ ဒေါ်သန္တာခင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့ရှိမြန်မာစီးပွားရေးသံမှူး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာအသင်းများ၊ အိန္ဒိယခရီးသွားလုပ်ငန်းကုမ္ပဏီ Aerionyx Global Representative မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတောင်ပိုင်းဒေသတို့အကြား ခရီးသွားများလည်ပတ်နိုင်ရေးအတွက် ပိုမိုသာယာ၍ အပန်းဖြေနိုင်သော ရိုးရာယဉ်ကျေးမှု အားကောင်းသည့် ဝန်းကျင်ကောင်းတစ်ခု ဖန်တီးနိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များရေးဆွဲရန်၊ မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့အကြားခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ (Working Group) ကို ဖွဲ့စည်းရန်၊ နှစ်နိုင်ငံအကြား ခရီးသွား လုပ်ငန်းမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက် (PoA) (မူကြမ်း) ကို ရေးဆွဲဆောင်ရွက်ရန်၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်နိုင်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးအတွက် နှစ်ဖက်မှ MoU (မူကြမ်း) များကို ပြင်ဆင်ထားရှိရန်၊ အိန္ဒိယနိုင်ငံ၊ Aerionyx Global Representative ၏ ခရီးသွားအစီအစဉ်များကို မြန်မာနိုင်ငံဘက်သို့ ပေးပို့ရန်၊ မြန်မာနိုင်ငံ၏ အလားအလာရှိသော ခရီးသွားအစီအစဉ်များနှင့် ဗွီဒီယိုကလစ်များကို အိန္ဒိယနိုင်ငံဘက်သို့ ပေးပို့ရန်နှင့် ဒုတိယအကြိမ်ညှိနှိုင်း အစည်းအဝေးကို ကျင်းပနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လည် ၁၁ နာရီ ၃၀ မိနစ်တွင် ရုပ်သိမ်းခဲ့သည်။

**Source :** https://myantrade.gov.mm/

## ဆီးသီးဆန်များ တရုတ်ဝယ်လက်အေး၍ ဈေးထက်ဝက်ကျဆင်း



စစ်ကိုင်းတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး ဒေသထွက် ဆီးသီးများ အခြောက်ခံပြီး ရရှိသည့် ဆီးသီးဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာမှ လက်ရှိတွင် တရုတ်ဝယ်လက်မရှိသလောက် ဖြစ်နေသည့်အတွက် ဆီးသီးဆန်ဈေးနှုန်း ထက်ဝက်ခန့် ကျဆင်းသွားကြောင်း ဆီးသီးလုပ်ငန်းရှင်များက ပြောပါတယ်။

ယခုနှစ် ၂၀၂၅ ခုနှစ်၊ မတ်လအတွင်းက အရည်အသွေးသန့် ဆီးသီးဆန် တစ်ပိဿာဈေး ကျပ် ခြောက်သောင်းဝန်းကျင် ဈေးရရှိခဲ့ရာမှ လက်ရှိ ဒီဇင်ဘာလတွင် တစ်ပိဿာဈေး ကျပ်သုံးသောင်း ဝန်းကျင်သာရှိသည်။ဈေးနှုန်းမှာ နေရာဒေသပေါ်မူတည်၍ကွာခြားမှုရှိနိုင်ပြီး ယခုဈေးမှာ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် အတွင်း ဈေးနှုန်းဖြစ်ပါတယ်။

နယ်စပ်ကုန်သွယ်ရေးဂိတ်များ အကန့်အသတ်ဖြင့်သာ ရောင်းဝယ်ရသည့်အပြင် သယ်ယူပို့ဆောင်ရေးအတွက် လမ်းခရီး အခက်အခဲများရှိနေခြင်းကြောင့် ဆီးသီးဆန်ဈေးနှုန်းကျဆင်းရခြင်းဖြစ်သည်ဟု မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အခြေစိုက် ဆီးသီးလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

"ဒီဆီးသီးဆန်က အရင် ၂၀၁၉၊ ၂၀၂၀ တုန်းကဆို ရှယ်ဈေးကောင်းပေါ့။ အဲဒီနောက်ပိုင်းကစပြီး တစ်စ တစ်စ ဈေးကျသွားတယ်။ အရင်က ရန်ကုန်က ဆင်းဝယ်ကြတာ၊ ဈေးလည်း ရှယ်ကောင်း၊ အခုက အဝယ်ကို မရှိသလောက်ဘဲ၊ တရုတ်ဘက်ပို့တာကလည်း မိုင်းလား နယ်စပ်ဂိတ်လောက်ပဲ အရောင်းအဝယ်ရှိတာ။ ဒါတောင်အကန့်အသတ်ရှိတယ်ကြားတယ်။ ကြိတ်ခွဲစရိတ်ကလည်း ကြီးတယ်လေ။ အခုဆိုရင် ကုန်သည်တွေက ကုန်ချိန် ရာချီ၊ ထောင်ချီ ကိုင်ထားပြီး အခက်အခဲဖြစ်နေကြတယ်" ဟု ဆိုပါတယ်။

မြန်မာနိုင်ငံထွက် ဆီးသီးဆန်များကို တရုတ်တစ်နိုင်ငံတည်းကိုသာ အဓိက အားထားတင်ပို့နေရခြင်းဖြစ်ပါတယ်။ တရုတ်နိုင်ငံက အဆိုပါဆီးသီးဆန်များကို တရုတ်ရိုးရာဆေးပညာအရ အိပ်မပျော်ခြင်း၊ စိတ်ဖိစီးမှုများ လျှော့ချရန်အတွက် စွမ်းကျောက်ရန်(Suan Zao Ren)ဟုခေါ်သည့် အာရုံကြောငြိမ်ဆေးတစ်မျိုး ထုတ်လုပ်ရောင်းချခြင်းအပြင် ဆီးသီးဆန်ကိုပြုတ်ပြီး လက်ဖက်ရည်ပုံစံမျိုး သောက်သုံးခြင်းနှင့်အမှုန့်ကြိတ်ပြီး ရိုးရာဆေးတောင့်ပုံစံ ထုတ်လုပ်ရောင်းချခြင်းဖြစ်ကြောင်း သိရပါတယ်။

လက်ရှိတွင် ဆီးသီးနှင့်ဆီးသီးဆန်များကို ပြည်တွင်းဈေးကွက်ကိုသာ အားကိုးနေရပြီး အများစုမှာ အွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်နေကြခြင်းဖြစ်သည်ဟု ဆီးသီးလုပ်ငန်းရှင်များက ဆိုပါတယ်။

ဆီးသီးပင်များမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ မြေလတ် အညာဒေသတွင် အများဆုံး ပေါက်ရောက်ပြီး မိုးလယ်တွင် ဖူးပွင့်၍ သြဂုတ်လမှစကာ သီးကင်းများစသီးပြီး ဆောင်းကာလတွင် ရင့်မှည့်ကြခြင်းဖြစ်ပါတယ်။

**Source:** https://opinionleadersmedia.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၅-၁၂-၂၀၂၅ မှ ၁၈-၁၂-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၇၄၇,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၀၄၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၆၂၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၂၀,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop)ကျပ် ၄၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၆၅,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၅၀ လုံး (တန်ချိန် ၃၆၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC(2024 Crop) ကွန်တိန်နာ ၁၃၀ လုံး (တန်ချိန် ၃၁၂၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop ) ကွန်တိန်နာ ၅လုံး (တန်ချိန် ၁၂၀) ဝင်ရောက် ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/ RC

(2024 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/RC(2024 Crop ) ကွန်တိန်နာ ၅လုံး (တန်ချိန် ၁၂၀)ပိုမိုဝင်ရောက်ခဲ့ ကြောင်းသိရသည်။

**ရော်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၉၅၀၀၊ မြားနီ ကျပ် ၁၀၅၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၁၄,၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၂,၀၀၀ နှင့် မြစ်ဝပု ကျပ် ၃၀,၀၀၀ ဈေး အသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ် ပေါင်း ၁၃၀၀ (၂၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၅ (၂၂၅ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၄၀၀ (၂၈,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၈၀ (၁၂၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၁၀၀ (၂၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၆၅ (၉၇၅ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၅၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၁၀,၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်မန်ကျည်းသီးမှာ ဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၆၃၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၆၄၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၄၆၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပခုက္ကူကြမ်း ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစား များမှာ ဈေးငြိမ်လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၅-၁၂-၂၀၂၅ မှ ၁၈-၁၂-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၅၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၆၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၀၀၊ ဆိပ်ဖြူ လတ်ချော ကျပ် ၅၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၂၅၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၆၅၀၊ မုံရွာလတ်သန့် ကျပ် ၁၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၅၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀ ၊၊ မုံရွာသစ်ရှယ် ကျပ် ၅၀၀၊ မုံရွာလတ်ကြီး ကျပ် ၅၅၀ ၊ မုံရွာ လတ်သန့် ကျပ် ၅၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၅ စီး (၆၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကားစီးရေ ၁၀၅ စီး (၆၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၁၈,၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြက်သွန်ဖြူ (ကြူကုတ်) ကျပ် ၂၀၀၀ ဈေးကျဆင်းခဲ့ပြီးကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၂၂၀၀ (၆၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူ

အိတ်၂၇၀၀ (၈၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၅၀၀ (၁၅,၀၀၀ ပိဿာ) ပိုမို ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့ နှင့် တရုတ်မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၃၃၀၀၊ အောင်ပန်း OK ကျပ် ၃၇၀၀၊ အောင်ပန်း S1 ကျပ် ၄၂၀၀၊ အောင်ပန်း S2 ကျပ် ၄၇၀၀ နှင့် တရုတ်အာလူး ကျပ် ၅၈၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၃၀၀၊အောင်ပန်း OK ကျပ် ၄၀၀၊ အောင်ပန်း S1 ကျပ် ၄၀၀ နှင့် တရုတ်အာလူး ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၃ စီး (၁၃၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၄ စီး(၁၄၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အိန္ဒိယဝန်ကြီးချုပ်၏ခရီးစဉ်မတိုင်မီ အိန္ဒိယနိုင်ငံနှင့် အိုမန်နိုင်ငံတို့အကြား လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်(FTA)ကို အတည်ပြု

ဝန်ကြီးချုပ် Narendra Modi ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့သည် အိန္ဒိယနိုင်ငံနှင့် အိုမန်နိုင်ငံတို့အကြား လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် (FTA) ကို ဒီဇင်ဘာလ ၁၂ ရက် (သောကြာနေ့)တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါနှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်သည် နိုင်ငံနှစ်ခုအကြား စီးပွားရေးဆက်ဆံမှုများကို ပိုမိုနက်ရှိုင်းစေပြီး ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအတွက် လမ်းကြောင်းသစ်များကို ဖွင့်လှစ်ပေးမည်ဟု မျှော်မှန်းထားကြောင်း Economic Times သတင်းဌာနက ဒီဇင်ဘာလ ၁၂ ရက်က ဖော်ပြသည်။

ဝန်ကြီးချုပ် Modi သည် ဒီဇင်ဘာလ ၁၅ ရက်နေ့မှစ၍ ဂျော်ဒန်နိုင်ငံ၊အီသီယိုးပီးယားနိုင်ငံနှင့်အိုမန်နိုင်ငံများသို့လေးရက်ကြာ ခရီးစဉ်သွားရောက်မည်ဟု သိရသည်။

၎င်းသည်ဝန်ကြီးချုပ်၏ အိုမန်နိုင်ငံသို့ ဒုတိယအကြိမ်အလည်အပတ်သွားရောက်ခြင်းဖြစ်ပြီး နိုင်ငံနှစ်ခုသည် ရာစုနှစ်များစွာကြာမြင့်ပြီဖြစ်သော ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်ရေးဆက်စပ်မှုများနှင့်ခိုင်မာသော ပြည်သူအချင်းချင်းဆက်ဆံမှုများဖြင့် ထောက်ခံထားသည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မျှဝေထားကြောင်း သိရသည်။

အဆိုပါအတည်ပြုချက်သည် အိုမန်နိုင်ငံအောက်လွှတ်တော်ဖြစ်သော Shura Council က အိန္ဒိယနိုင်ငံနှင့် ၎င်းတို့၏ FTA ကို အတည်ပြုပြီးနောက်တစ်ရက်အကြာတွင်ထွက်ပေါ်လာခြင်းဖြစ်ကြောင်းသိရသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဘက်စုံသဘောတူညီချက်(Compre hen sive Economic Partnership Agreement–CEPA)ဟုတရားဝင်ခေါ်ဆိုသည့် အဆိုပါကုန်သွယ်ရေးသဘောတူညီချက်အတွက် ဆွေးနွေးပွဲများကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တွင် တရားဝင်စတင်ခဲ့ကြောင်း သိရသည်။

အိုမန်နိုင်ငံသည်ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(GCC)နိုင်ငံများအနက်အိန္ဒိယကုန်သည်များအတွက် တတိယအကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဒီဇင်ဘာလ ၁၀ ရက်(ဗုဒ္ဓဟူးနေ့) တွင် ကုန်သွယ်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့၏ အတည်ပြုချက် ရရှိပြီးနောက် လက်မှတ်ရေးထိုးရန်နှင့် အတည်ပြုရန်အတွက် အစိုးရအဖွဲ့၏မှတ်တမ်းမူကြမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဖြန့်ဝေခဲ့ကြောင်း ပြောကြားခဲ့သည်။

ယခုအခါ နှစ်ဖက်စလုံးသည် ပြည်တွင်းအတည်ပြုချက်များရယူနေဆဲဖြစ်ကြောင်း PTI သတင်းဌာနက ဖော်ပြသည်။

Shura Council သို့မဟုတ် Majlis A'Shura သည် CEPA မူကြမ်းနှင့်ပတ်သက်သည့် ၎င်းတို့၏ ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဆွေးနွေးမှုများပြီးဆုံးချိန်တွင် ကောင်စီက လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

PTI သတင်းအရ ၂၀၂၄-၂၅ဘဏ္ဍာနှစ်တွင် အိန္ဒိယ-အိုမန်နှစ်နိုင်ငံကုန်သွယ်မှုသည်အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံဝန်းကျင်(ပို့ကုန်အမေရိကန်ဒေါ်လာ ၄ ဘီလီယံနှင့်သွင်းကုန်အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၄ ဘီလီယံ)ရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ အဓိကသွင်းကုန်များမှာ စုစုပေါင်းသွင်းကုန်၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသော ရေနံထွက်ပစ္စည်းများနှင့် ယူရီးယားဓာတ်မြေဩဇာများဖြစ်ကြောင်းတွေ့ရှိရသည်။

အခြားသောအဓိကထုတ်ကုန်များမှာ Propylene နှင့် Ethylene polymers၊ Pet coke၊ Gypsum၊ ဓာတုပစ္စည်းများ၊ သံနှင့် သံမဏိနှင့် သန့်စင်ပြီးသားမဟုတ်သော အလူမီနီယမ်များဖြစ်ကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံ၏ လက်ရှိကုန်သွယ်ရေးမူဝါဒသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုကဏ္ဍတွင် ၎င်း၏အခန်းကဏ္ဍကို ခိုင်မာစေရန်အတွက် နှစ်နိုင်ငံအကြားကုန်သွယ်ရေးသဘောတူညီချက်များ(Bilateral FTAs)ကို အရှိန်အဟုန်ဖြင့်ချုပ်ဆိုခြင်းဖြင့် ကုန်သွယ်မှုကဏ္ဍကိုဘက်ပေါင်းစုံမှချဲ့ထွင်ရန်ကြိုးပမ်းလျက်ရှိကြောင်းတွေ့ရှိရသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP)ကဲ့သို့သော ဘက်ပေါင်းစုံသဘောတူညီချက်များထက် အဓိကစီးပွားရေးမိတ်ဖက်များနှင့် သီးခြားနှစ်နိုင်ငံသဘောတူညီချက်များ(CEPA/FTA)ကို ပိုမိုအဓိကထားဆောင်ရွက်လျက်ရှိပါသည်။

မကြာသေးမီကပင် ကနေဒါနိုင်ငံနှင့် ၇ ကြိမ်မြောက်ဝန်ကြီးအဆင့်ဆွေးနွေးပွဲ(MDTI)ကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သလို အမေရိကန်ပြည်ထောင်စုနှင့် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်(BTA)ကို ပထမဆုံးလက်မှတ်ရေးထိုးနိုင်သည့် နိုင်ငံဖြစ်လာနိုင်ကြောင်း သုံးသပ်ပြောဆိုမှုများလည်းရှိနေသည်။

**Source: Economic Times, Cabinet approves India-Oman FTA ahead of Modi's visit, December 12, 2025.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## ဥရောပသမဂ္ဂ(EU)သည် အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အခြားအာရှနိုင်ငံများမှ ဆန်တင်သွင်းမှုကို ကန့်သတ်ရန်ပြင်ဆင်လျက်ရှိ

ဥရောပသမဂ္ဂ(EU)သည် ၎င်း၏ ပြည်တွင်းစိုက်ပျိုးသူများနှင့် ဆန်စက်လုပ်ငန်းရှင်များကို ကာကွယ်ရန်အတွက် အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အခြားအာရှနိုင်ငံများမှ ဆန်တင်သွင်းမှုကို ကန့်သတ်ရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံနှင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်(FTA)အတွက် ဆွေးနွေးမှုများဆက်လက်လုပ်ဆောင်နေသော်လည်း ဥရောပသမဂ္ဂကောင်စီနှင့် ပါလီမန်တို့သည် "သီးခြားအလိုအလျောက်အကာအကွယ်ပေးရေးယန္တရား"("Specific automatic safeguard mechanism")ကို မိတ်ဆက်ရန် ယာယီသဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည့် အဆိုပါအစီအမံအရ သက်ဆိုင်ရာနိုင်ငံများမှ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်သွင်းလာသော သွင်းကုန်ပမာဏသည် ယခင်က တင်ပို့ထားသည့် ပျမ်းမျှပမာဏထက် ကျော်လွန်ပါက အကောက်ခွန်စည်းကြပ်မှုများကို စတင်ဆောင်ရွက်မည်ဖြစ်ပြီး၊ ဥရောပဈေးကွက်ကို တင်သွင်းမှုများ ရုတ်တရက်မြင့်တက်လာသည့် အန္တရာယ်မှ ကာကွယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမူဝါဒအသစ်သည် Basmati နှင့် Non-Basmati ဆန်အမျိုးအစားနှစ်မျိုးလုံးကို အထူးရည်ရွယ်ထားကြောင်း တွေ့ရှိရသည်။

ဥရောပသမဂ္ဂ၏စာရွက်စာတမ်းများအရ တတိယနိုင်ငံများ—အဓိကအားဖြင့် အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာနှင့် ကမ္ဘောဒီးယားတို့မှ တင်သွင်းမှုစုစုပေါင်းသည် တန်ချိန် ၁ ဒသမ ၅ သန်းအထိရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်းနှင့် EBA("လက်နက်မှလွဲ၍ အားလုံး" တင်ပို့နိုင်သည့်) နိုင်ငံများ—အဓိကအားဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဆန်တင်သွင်းမှုသည်ပင် တန်ချိန် ၁၀ သိန်း(၁ သန်း)ခန့်ရှိသည်ဟု ခန့်မှန်းထားသည်။

အဆိုပါ EBA နိုင်ငံများသည် ဆန်အမျိုးအစားအားလုံးနှင့် ထုတ်လုပ်မှုအဆင့်အားလုံးအတွက် ဦးစားပေးသုညရာခိုင်နှုန်းအကောက်ခွန်ကို ခံစားခွင့်ရရှိနေကြသည်ဟု ဖော်ပြထားသည်။

ဥရောပအရာရှိများအနေဖြင့် ဈေးကွက်ပုံ **သဏ္ဍာန်**ပျက်ယွင်းမှုများအပြင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အဆိုပါဒေသများမှ တင်သွင်းသော ကုန်စည်များတွင် Tricyclazole ကဲ့သို့သောဓာတုဗေဒပစ္စည်းများအလွန်အကျွံပါဝင်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ကိုးကား၍ ၎င်းတို့၏ ကုန်သွယ်မှုကာကွယ်ရေးဆိုင်ရာ ရပ်တည်ချက်ကို တရားမျှတသည်ဟု ပြောကြားခဲ့သည်။

သို့သော်အဆိုပါလုပ်ဆောင်ချက်သည်ဥရောပဈေးကွက်ကိုလွတ်လပ်သောကုန်သွယ်မှုပတ်ဝန်းကျင်မှ လူနည်းစုက ဈေးကွက်ကို ထိန်းချုပ်ထားသောဈေးကွက်ပုံစံ(Oligopolistic one) သို့ ပြောင်းလဲသွားစေမည်ဖြစ်ပြီး၊ထုပ်ပိုးထားသောဆန်နှင့် အခွံချွတ်ထားသောဆန်အမျိုးအစားကို တင်ပို့သည့်အိန္ဒိယကဲ့သို့အာရှနိုင်ငံများ၏ အကျိုးအမြတ်ကိုထိခိုက်စေကာ ဥရောပသမဂ္ဂရှိ ဆန်ရောင်းဝယ်ဖေါက်ကားသူအနည်းငယ်သာ အကျိုးခံစားရမည်ဖြစ်ကြောင်း စီးပွားရေးလေ့လာဆန်းစစ်သူများက သတိပေးခဲ့သည်။

ဥရောပဆန်စက်လုပ်ငန်းရှင်များအဖွဲ့ချုပ်(FERM)သည် ပြည်တွင်း၌ ပြုပြင်ထုတ်လုပ်မှုကို အားပေးရန်အတွက် ကုန်ချောပစ္စည်းများအပေါ် ပိုမိုမြင့်မားသော အခွန်ကောက်ခံမှုများပြုလုပ်ရန် တက်ကြွစွာလှုံ့ဆော်လျက်ရှိကြောင်း သိရသည်။

အဆိုပါချဉ်းကပ်မှုသည် လွန်ခဲ့သော နှစ် ၂၀ အတွင်း ပြည်တွင်းထုတ်လုပ်မှု ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း အီတလီနှင့် စပိန်တို့က လွှမ်းမိုးထားသော ဥရောပသမဂ္ဂ၏ ဆန်ကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်ကြောင်း တွေ့ရှိရသည်။

အိန္ဒိယတင်ပို့သူများအတွက်မူ ၎င်းသည် သိသာထင်ရှားသော အတားအဆီးတစ်ခုကို ဖန်တီးပေးပြီး ကြီးမားသော ကုမ္ပဏီများကို ဥရောပအတွင်း၌ ပြုပြင်ထုတ်လုပ်မှုယူနစ်များ တည်ထောင်ရန် တွန်းအားပေးနိုင်ကြောင်းသိရသည်။

အိန္ဒိယဆန်ကဏ္ဍ ကျွမ်းကျင်သူများက အဆိုပါအကာအကွယ်ပေးရေး အစီအမံအသစ်များဆိုင်ရာ ဥပဒေတစ်ရပ်မဖြစ်ပေါ်လာမီ ၎င်းတို့၏ပို့ကုန်အကျိုးစီးပွားများကို ကာကွယ်ရန်နှင့် စည်းကမ်းချက်များညှိနှိုင်းရန်အတွက် လက်ရှိအိန္ဒိယ-ဥရောပသမဂ္ဂ FTA ဆွေးနွေးပွဲများကို အသုံးချရန် အကြံပြုခဲ့ကြောင်းသိရသည်။

**Source: The Hindu Businessline, EU poised to curb rice imports from India, Pakistan and other Asian nations, December 11, 2025.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## STOCK EXCHANGE(24.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Dec. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,438 (Shares) | 48,395,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 205 | 1,742,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,700 | +50 | +1.37% | 3,650 | 3,700 | 3,650 | 1,116 | 4,073,450 | 38,929,150 | 144,038 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 130 | 1,027,000 | 10,400,986 | 82,168 |
| FPB | 00004 | 2,450 | +50 | +2.08% | 2,400 | 2,450 | 2,400 | 3,085 | 7,409,300 | 29,664,613 | 72,678 |
| TMH | 00005 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 619 | 1,918,900 | 12,823,224 | 39,752 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,650 | 1,650 | 1,600 | 370 | 592,200 | 19,977,223 | 31,964 |
| AMATA | 00007 | 3,900 | +100 | +2.63% | 3,700 | 3,900 | 3,700 | 102 | 377,800 | 10,497,598 | 40,941 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 211 | 654,100 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Dec. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 406.52 | +1.85 | +0.46% | 404.67 | 406.52 | 403.59 | 5,838 | 17,795,250 | 8 | 766,768 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 11:00 am, 24th Dec. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,917 (Shares) | 12,835,750 (MMK) |

| MYANPIX | 402.20 ▼ 4.32 |
|---|---|
| Total Volume (shares) | 4,917 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 758,624 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,500 | ▼ 200 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 2,450 | ▲ 0 |
| TMH | 00005 | 3,150 | ▲ 50 |
| EFR | 00006 | 1,550 | ▼ 50 |
| AMATA | 00007 | 3,900 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |